**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၁၁ / ၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်

အကြောင်းအရာ။ **အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့် အစီအစဉ် (ASEAN-Wide Self-Certification Scheme) အရ အတည်ပြုပို့ကုန်တင်ပို့သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Standard Operating Procedures-SOP) ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၇ - ၂ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်၏ ပြန်လည်ပြင်ဆင်ထားသည့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ် (ASEAN-Wide Self-Certification Scheme) အား အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ၂၀-၉-၂၀၂၀ ရက်နေ့တွင် စတင်အကောင် အထည်ဖော်ဆောင်မည် ဖြစ်ပါသည်။

၃။ သို့ပါ၍ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ်အရ အတည်ပြုပို့ကုန်တင်ပို့သူများမှ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Standard Operating Procedures-SOP) ကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## အာဆီယံ ဒေသတွင်းထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့် အစီအစဉ် (ASEAN-Wide Self-Certification Scheme) အရ အတည်ပြုပို့ကုန်တင်ပို့သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Standard Operating Procedures-SOP)

၁။ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ် (ASEAN- Wide Self-Certification - AWSC Scheme) အား မြန်မာနိုင်ငံမှ အတည်ပြုပို့ကုန်တင်ပို့သူများက (Certified Exporters-CE) လိုက်ပါဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စေရေး၊ စနစ်တကျလိုက်ပါဆောင်ရွက်နိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်မည့် လုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေရေးတို့အတွက် ရည်ရွယ်၍ ဤလုပ်ငန်းစဉ်ကို ရေးဆွဲခြင်း ဖြစ်သည်။

၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ဆောင်လျက်ရှိသော ရှေ့ပြေးစီမံကိန်း (၂) ခု ဖြစ်သည့် Pilot Project I နှင့် Pilot Project II အား ပေါင်းစည်း၍ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာသည့်အစီအစဉ် (ASEAN-Wide Self-Certification Scheme) ကို ကူးပြောင်းကာလမထားရှိဘဲ ၂၀-၉-၂၀၂၀ ရက်နေ့တွင် တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်မည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အကောက်ခွန်သက်သာခွင့်ဖြင့် တင်ပို့လိုသည့် ပို့ကုန်လုပ်ငန်းရှင်များသည် အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ အရ အတည်ပြု ပို့ကုန်တင်ပို့သူအဖြစ် မှတ်ပုံတင်လက်မှတ်ရယူပြီးနောက် ဤလုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၃။ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အကောက်ခွန် သက်သာခွင့်ဖြင့် တင်ပို့နိုင်ရေးအတွက် အတည်ပြုပို့ကုန်တင်ပို့သူ (Certified Exporter) အဖြစ် လျှောက်ထားလိုသည့် ပို့ကုန်လုပ်ငန်းရှင်များသည် ကုန်သွယ်ရေးဦးစီးဌာန၏ Online CO Application System ဖြစ်သည့် www.onlineco.myanmartradenet.com တွင် သတ်မှတ်ထားသော စာရွက်စာတမ်းများ တင်ပြ၍ ဝန်ဆောင်ကြေး အခမဲ့ဖြင့် ဝင်ရောက်လျှောက်ထားနိုင်သည်။

၄။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊ မှတ်ပုံတင်နံပါတ်ခွင့်ပြုထုတ်ပေးခြင်းနှင့် ပင်ရင်းထုတ်ကုန်ကြေညာခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို ပုံဖြင့် **နောက်ဆက်တွဲ (က)** ပါအတိုင်း ဖော်ပြထားသည်။

၅။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ် ( Certified Exporter ) ရရှိပြီးသော ပို့ကုန်လုပ်ငန်းရှင်သည်၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်သက်ဝင်မည့် အာဆီယံပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာလုပ်ထုံးလုပ်နည်းအရ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ်ကို အောက်ဖော်ပြပါ Standard Operating Procedures နှင့်အညီ လိုက်နာဆောင်ရွက်ရမည် –

(က) အတည်ပြုပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားစဉ်က တင်ပြခဲ့သည့် တင်ပို့ရန်ရည်ရွယ်သည့် ကုန်စည်စာရင်း (HS 6-digit Level or AHTN Code) တွင် မပါဝင်သော ကုန်စည်ကို ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခွင့်မရှိပါ။

( ခ ) ရာနှုန်းပြည့် ထုတ်လုပ်ရရှိသော ကုန်စည်မှအပ ကျန်ကုန်စည်များကို တင်ပို့လိုသော အတည်ပြုပို့ကုန်တင်ပို့သူများသည် မတင်ပို့မီ တင်ပို့မည့်စက်မှုထုတ်ကုန်စည် တစ်ယူနစ် (HS 8-digit) အတွက် (၁) နှစ် သက်တမ်းရှိသော ထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ်ကို ကုန်သွယ်ရေးဦးစီးဌာနတွင် ကြိုတင်လျှောက်ထားရမည်။

( ဂ ) တင်ပို့မည့်စက်မှုထုတ်ကုန်အတွက် သက်တမ်းရှိစက်မှုထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ် လက်ဝယ်ရှိမှသာ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာနိုင်သည်။

(ဃ) ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာချက်အား ကုန်ရောင်းပြေစာ (Commercial Invoice) ပေါ်တွင် ပြုလုပ်၍ တစ်ဖက်နိုင်ငံတွင် ကုန်စည်တင်သွင်းချိန်၌ တင်ပြရမည်။ တင်ပို့ချိန်၌ ကုန်ရောင်းပြေစာပေါ်တွင် ပင်ရင်းကြေညာချက် မပြုလုပ်နိုင်မှသာ Billing Statement (ငွေတောင်းခံလွှာ) (သို့) Delivery Order (သို့) ထုပ်ပိုးစာရင်း (Packing List) ပေါ်တွင် ပြုလုပ်ရမည်။

( င ) ကုမ္ပဏီ Letter Head ပါဝင်သည့် ကုန်ရောင်းပြေစာပေါ်တွင် ပင်ရင်းကြေညာချက် ပြုလုပ်ရာ၌ **ပူးတွဲ (၁)ပါ လိုအပ်သောအချက်အလက်များ** မဖြစ်မနေပါဝင်ရမည်။

( စ ) ပင်ရင်းကြေညာချက် ပြုလုပ်ရာတွင် လက်မှတ်ရေးထိုးခွင့်ရှိသူ၏ အမည်နှင့် လက်ဖြင့် ရေးထိုးထားသောလက်မှတ်ပါဝင်ရမည်။

(ဆ) တင်ပို့ကုန်စည်များအတွက် မြန်မာ့ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာချက် ပြုလုပ်ရာတွင် **ပူးတွဲ (၂) ပါ ကုန်ရောင်းပြေစာပေါ်တွင် ပင်ရင်းထုတ်ကုန် ကြေညာရမည့် နမူနာပုံစံများ** အတိုင်းကြေညာနိုင်သည်။

( ဇ ) ပင်ရင်းကြေညာချက်ပါဝင်သည့် စာရွက်စာတမ်း၏နေ့စွဲအား ပင်ရင်းကြေညာချက်ထုတ်ပေးသည့်နေ့စွဲအဖြစ် မှတ်ယူမည်။

( ဈ ) ပင်ရင်းကြေညာချက်ပါဝင်သည့် စာရွက်စာတမ်း၏ ရည်ညွှန်းနံပါတ်အား ပင်ရင်းကြေညာချက်၏ ရည်ညွှန်းနံပါတ်အဖြစ် မှတ်ယူမည်။

(ည) အကယ်၍ ပင်ရင်းကြေညာချက်တွင် ကုန်ပစ္စည်းအားလုံးအတွက် နေရာလုံလောက်မှု မရှိပါက အချက်အလက်များပါဝင်သော အပိုစာရွက်များအား နောက်ဆက်တွဲ (၁) အနေဖြင့် ပူးတွဲတင်ပြရမည်။

( ဋ ) အတည်ပြုပို့ကုန်တင်ပို့သူသည် ထပ်ဆင့်ပင်ရင်းကြေညာချက် (Back-to-Back Origin Declaration) အား ပထမကုန်တင်ပို့နိုင်ငံ၏ သက်တမ်းရှိမူရင်း ပင်ရင်းသက်သေ (သို့) ၎င်းမိတ္တူမှန် လက်ဝယ်ရှိမှသာ ပြုလုပ်နိုင်သည်။

( ဌ ) ထပ်ဆင့်ပင်ရင်းကြေညာချက်တွင် ကြားခံကုန်တင်ပို့နိုင်ငံ၏ FOB တန်ဖိုးကို ဖော်ပြရမည်။ တစ်စိတ်တစ်ပိုင်းပြန်လည်တင်ပို့ခြင်းအတွက် ထပ်ဆင့်ပင်ရင်းကြေညာချက်တွင်ပါဝင်သည့် စုစုပေါင်းအရေအတွက်သည် မူရင်းပင်ရင်း သက်သေတွင် ပါဝင်သည့် စုစုပေါင်းအရေအတွက်ထက် မကျော်လွန်ရပါ။

( ဍ ) ကုန်ရောင်းပြေစာကြေညာချက်သည် ကြေညာသည့်နေ့မှ (၁၂) လ သက်တမ်းရှိပြီး၊ ယင်းကာလအတွင်း ကုန်တင်သွင်းနိုင်ငံ၌ တင်ပြရမည်။

( ဎ ) အတည်ပြုပို့ကုန်တင်ပို့သူ လျှောက်ထားစဉ်က ဖြည့်သွင်းခဲ့သော အချက်အလက်များ အပြောင်းအလဲရှိပါက ကုန်သွယ်ရေးဦးစီးဌာနထံ Update ကို ချက်ချင်း စာဖြင့် ရေးသား၍ အသိပေးအကြောင်းကြားရမည်။

(ဏ) ပင်ရင်းကြေညာချက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများအား အနည်းဆုံး (၃) နှစ်အထိ လက်ဝယ်တွင် သိမ်းဆည်းရမည်။


(တ) ကုန်တင်သွင်းနိုင်ငံက ကုန်စည်နှင့်စပ်လျဉ်း၍ မေးမြန်းလာသော ကိစ္စရပ်များ၊ ပင်ရင်းထုတ်ကုန် ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် နောက်ကြောင်းပြန်စစ်ဆေးခြင်းများအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ထ) ပင်ရင်းကြေညာချက်ပြုလုပ်ခဲ့သော အရောင်းအဝယ်ဆိုင်ရာ စာရွက်စာတမ်းမိတ္တူနှင့် အခြားအချက်အလက်များကို သတ်မှတ်ထားသော ဇယားပုံစံ (Excel File) ဖြင့် ပြုစု၍ လစဉ်ပထမအပတ်အတွင်း www.onlineco.Myanmartradenet.com ရှိ Certified Exporter under ATIGA သို့ ဝင်ရောက်ကာ Upload ပြုလုပ်ပေးရမည်။

( ဒ ) အတည်ပြုပို့ကုန်တင်ပို့သူသည် မိမိဆန္ဒသဘောအလျောက် အတည်ပြုပို့ကုန် တင်ပို့သူအဖြစ်မှ ပယ်ဖျက်ပေးပါရန် တင်ပြလျှောက်ထားနိုင်သည်။

နောက်ဆက်တွဲ(က)

# Certified Exporter Application and Issuance Procedure Flow



**ပူးတွဲ (၁)**

## လိုအပ်သော အချက်အလက်များ

| (က) အတည်ပြုပို့ကုန်တင်ပို့သူ၏ အသေးစိတ်အချက်အလက်များ | အတည်ပြုပို့ကုန်တင်ပို့သူ အခွင့်ရကုဒ်နံပါတ် |
|---|---|
| (ခ) ကုန်ပစ္စည်းအမျိုးအမည် ဖော်ပြချက် | (၁) ထုတ်ကုန်အမည်<br>(၂) HS ဂဏန်း ၆ လုံး (သို့) AHTN Code<br>(၃) ကိုက်ညီသည့်ပင်ရင်းမှတ်ကျောက်<br>(၄) ပင်ရင်းနိုင်ငံ<br>(၅) ဒေသတွင်းပါဝင်ထုတ်လုပ်မှုတန်ဖိုးမှတ်ကျောက် အသုံးပြုပါက FOB ဈေးနှုန်း<br>(၆) ကုန်ပစ္စည်းအရေအတွက်<br>(၇) ကုန်အမှတ်တံဆိပ် (ရှိပါက) နှင့်<br>(၈) ထပ်ဆင့်ပင်ရင်းကြေညာချက်အတွက် မူလ ပင်ရင်းသက်သေရည်ညွှန်းနံပါတ်၊ ထုတ်ပေးသည့်ရက်စွဲ၊ ပထမကုန်တင်ပို့နိုင်ငံ၏ ပင်ရင်းနိုင်ငံနှင့် အတည် ပြုပို့ကုန်တင်ပို့သူအခွင့်ရ Code နံပါတ် |
| (ခ) အခွင့်ရလက်မှတ်ရေးထိုးသူ၏ အတည်ပြုချက် | (၁) တင်ပြလာသော သက်သေအထောက်အထား အပေါ် အခြေခံ၍ ပင်ရင်းကြေညာချက်တွင် ဖော်ပြထားသည့် ကုန်စည်များသည် ဤသဘော တူညီချက်အခန်း(၃)အရ လိုအပ်သောသက်ဆိုင်ရာ လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီကြောင်း အတည်ပြုပို့ကုန်တင်ပို့သူ၏ အတည်ပြုထားသည့် အခွင့်ရလက်မှတ်<br>(၂) အခွင့်ရ လက်မှတ်ရေးထိုးသူ၏ အမည်ပါသည့် တံဆိပ်တုံးပေါ်တွင် ရေးထိုးထားသည့် လက်မှတ် |

ပူးတွဲ (၂)

## အရောင်းအဝယ်ဆိုင်ရာစာရွက်စာတမ်းပေါ်တွင် ပင်ရင်းထုတ်ကုန်ကြေညာရမည့် နမူနာပုံစံများ

### ကုန်စည်အမျိုးအစားတစ်ခုအတွက် ကြေညာရမည့် နမူနာပုံစံ

“The exporter of the product (s) covered by this document (Certified Exporter No. MMSC 00001) declares that, exceptwhere otherwise clearly indicated, the products satisfy theRules of Origin to be considered as ASEAN Originating Products under ATIGA (ASEAN country of origin: MYANMAR), with origin criteria: WO, CC, CTH, CTSH, RVC 50%”

### တစ်ခုထက်ပိုသောကုန်စည်များအတွက် ကြေညာရမည့် နမူနာပုံစံ

“The exporter of the product(s) covered by this document (Certified Exporter No. MMSC 00001) declares that, exceptwhere otherwise clearly indicated, the products satisfy theRules of Origin to be considered as ASEAN Originating Products under ATIGA (ASEAN country of origin: MYANMAR), with origin criteria: item (1): RVC 50%, items (2) and (3): CTH,items (4) and (5): WO”

### တစ်ခုထက်ပိုသောကုန်စည်များအတွက် ကြေညာရမည့် နမူနာပုံစံ

“The exporter of the product(s) covered by this document (Certified Exporter No. MMSC00001) declares that, exceptwhere otherwise clearly indicated, the products satisfy theRules of Origin to be considered as ASEAN Originating Products under ATIGA (ASEAN country of origin: MYANMAR), with origin criteria: as declared in this invoice.